ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး
အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်
(အချက်အလက်များသိရှိရန် မိန့်ခွန်းကောက်နုတ်ချက် မူကြမ်း)

နေပြည်တော်၊ (၁၅-၈-၂၀၁၉)

- ယနေ့အခမ်းအနားသို့ ကြွရောက်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ World Bank နှင့် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သခဲ့ပါကြောင်း၊
- ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရာတွင် ကဏ္ဍ (၃)ခု အနေဖြင့် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကဏ္ဍ (လူမှုအဖွဲ့ အစည်းများ၊ ပရဟိတ၊ ကုသိုလ်ဖြစ် ဆေးခန်းများ) စသည်ဖြင့် အားလုံး ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိစေရေး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊
- ယခု အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါကဏ္ဍ(၃)ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်စေရေးကိုလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း၊

- ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ်၊ လူမှုစီးပွားကျင့်ဝတ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများလိုက်နာမှုသည် အရေးကြီးပြီး ပြည်သူများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီတတ်နိုင်သည့် မျှတသော ဝန်ဆောင်ခဖြင့် ရရှိစေရေး ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဆေးပညာကျင့်ဝတ်၊ Hippocrates oath နှင့်အညီ နိုင်ငံဝန်ထမ်း ဆရာဝန်များအပါအဝင် ပုဂ္ဂလိကဆရာဝန်များလည်း အလေးထား ဆောင်ရွက်စေလိုပါကြောင်း၊
- အလားတူစွာ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း (၂၀၀၇) ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ (၂၀၁၃) ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် (၂၀၁၅) ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာန၏ ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စံလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ၊ အဆင့်ဆင့်သော စီမံခန့်ခွဲအုပ်ချုပ်မှုများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍတွင် ချမှတ်ထားသော စံလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းလမ်းညွှန်များ၊ ဥပဒေနှင့် နည်းဥပဒေများကို သေချာစွာ လေ့လာဖတ်ရှု၍ တတ်နိုင်သမျှ လိုက်နာဆောင်ရွက်စေလိုပါကြောင်း၊
- ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်မှုများကို လေ့လာ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အချက်များကို ရွေးချယ်ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်း ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း တာဝန်ရှိသူများအနေဖြင့် တတ်နိုင်သမျှ သေချာစွာလေ့လာကြပြီး လိုက်နာဆောင်ရွက်ကြ စေလိုပါကြောင်း၊
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းရှိ ဆေးရုံ၊ ဆေးခန်းများတွင် မဖြစ်မနေ လုပ်ဆောင်ရမည့်လုပ်ငန်းများအား ပြည့်မီအောင်ဖြည့်၍ ဦးစားပေးအနေ ဖြင့် လုပ်ဆောင်သင့်ကြောင်း၊ အလားတူစွာ ဝန်ကြီးဌာနအောက်ရှိ ဆေးရုံ များတွင် ဆေးရုံအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ သည် မိမိတို့လုပ်ဆောင် ရမည့်လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်သင့် ပါကြောင်း၊
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို ကြီးကြပ်ပံ့ပိုးဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နှီးနွယ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်(၂၁)ဦးပါဝင်သည့် "ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့" ကို (၂၀၁၇) ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါ ကြောင်း၊ ဗဟိုအဖွဲ့မှလည်း ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍ၏ လိုအပ်ချက်များ ကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊
- ဝန်ကြီးဌာနမှ တစ်ပြည်လုံးရှိ ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်း (၅,၄၄၁)ခု၊ အထူးကုဆေးခန်း (၇၁၇) ခု၊ ဆေးရုံ (၂၄၃) ရုံ၊ ရောဂါရှာဖွေရေး ဓါတ်ခွဲခန်း(၂၂၂)ခု၊ ဓါတ်မှန်ခန်း (၁၃၇)၊ သားဖွားခန်း (၄၇)ခန်း၊ အထွေထွေ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း (၁၆)ခု၊ နယ်လှည့်ကျန်းမာရေးလုပ်ငန်း (၆)ခုနှင့် သူနာပြုစုရေးဂေဟာ (၃)ခုတို့ကို လိုင်စင်ခွင့်ပြုထားပါကြောင်း၊
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေ ဖြစ်မည့် ကျန်းမာရေးအာမခံစနစ်တစ်ခု ဖြစ်ထွန်းလာအောင် ကြိုးပမ်း ဆောင်ရွက်သင့်ပါကြောင်း၊
- အထူးသဖြင့် ဓါတ်ခွဲနှင့် ဓါတ်မှန်လုပ်ငန်းများကို ပိုမိုတိကျမှန်သော အဖြေ များ ရရှိနိုင်ရေးအတွက် checklist များအသုံးပြု၍ အရည်အသွေးကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်စေလိုပါကြောင်း၊ ပုဂ္ဂလိက ဆေးရုံ၊

ဆေးခန်းများတွင် checklist များအသုံးပြုပြီး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်သည့် post marketing surveillance ပုံစံဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ အလားတူစွာ အစိုးရဆေးရုံများတွင် လည်း checklist များ အသုံးပြုပြီး စစ်ဆေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆေးရုံ များတွင် ဆေးနှင့် စက်ပစ္စည်းများဝယ်ယူရာတွင် အလေအလွင့်မရှိ စနစ်တကျ ဝယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းအဖွဲ့မှလည်း ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများကို တတ်နိုင်သမျှ ပီပြင်ထိရောက်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း၊

- ထို့အပြင် ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းလိုင်စင် သက်တမ်းတိုးပေးခြင်း၊ အသစ်လျှောက်ထားခြင်းများတွင် ကြန့်ကြာမှုများမရှိအောင် လွယ်ကူ လျင်မြန်ချောမွေ့စေရန် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊
- ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုများကို နှောင့်နှေးကြန့်ကြာစေ နိုင်သော စည်းမျဉ်းစည်းကမ်းများကိုလည်း ခေတ်နှင့်အညီ လိုအပ်သလို မွမ်းမံပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အချို့လုပ်ငန်းများတွင် ဥပဒေကို ပြင်ဆင်ရန်မလိုအပ်ဘဲ နည်းဥပဒေတစ်ခုတည်းကို ပြင်ဆင်ရုံဖြင့် အဆင်ပြေနိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ မွမ်းမံပြင်ဆင်သင့်သည်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး ပေးစေလိုပါကြောင်း၊
- ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတွင် ဥပဒေနှင့် နည်းပဒေများကို ပြုပြင် ပြောင်းလဲသင့်သည်များကို ပြင်ဆင်ရာတွင် ဘက်လိုက်မှုမရှိဘဲ ဆေးပညာ ကျင့်ဝတ်နှင့်အညီ ethical perspective နှင့် quality care ကို အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေတွင်ပါဝင်သည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ခြင်းနှင့် အရည် အသွေး မြင့်မားရေးအတွက် အချက်များကိုလည်းကောင်း၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်

ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အလေးပေးကာ လိုက်နာ ဆောင်ရွက်ကြစေလိုပါကြောင်း၊

- ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍတွင်လည်းကောင်း၊ အစိုးရဆေးရုံများတွင် လည်းကောင်း ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးရာ တွင် မိမိတို့ကိုယ်တိုင် လူနာများ၏ ရှုထောင့်အမြင်မှ စဉ်းစားဆောင်ရွက် သွားကြရမည် ဖြစ်ပါကြောင်း၊
- ယနေ့ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာဥပဒေနှင့် နည်းဥပဒေ၊ မြန်မာနိုင်ငံဆေးကောင်စီဥပဒေနှင့် လုပ်ထုံး လုပ်နည်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်း အကောင်အထည်ဖော်ရာ တွင် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ၏ အခန်းကဏ္ဍ၊ အုပ်ချုပ်မှုနှင့်ကျင့်ဝတ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်၊ ဆေးပညာသင်ကြားမှု၊ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး၊ လုပ်ငန်းမူဘောင်၊ လူနာနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတို့၏ ဘေးကင်းလုံခြုံမှု စသည့် အကြောင်းအရာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊
- ဒုတိယနေ့တွင် ညွှန်ကြားရေးမှူး(ပုဂ္ဂလိက) အပါအဝင် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများမှ ရွေးချယ်သတ်မှတ် အဆိုပြုသည့် အရေးကြီး ခေါင်းစဉ် အကြောင်းအရာများကိုလည်း လက်တွေ့အခြေအနေများနှင့် ချိန်ထိုး ဆွေးနွေးကြမည်ဖြစ်သဖြင့် အလွန်ကောင်းမွန်သော လုပ်ရပ်တစ်ခု ဖြစ်ပါကြောင်း၊
- မြန်မာနိုင်ငံ ဆေးကောင်စီ (MMC) အနေဖြင့်လည်း လိုင်စင်သက်တမ်း တိုးခြင်း၊ အသစ်လျှောက်ထားခြင်းများကို အတတ်နိုင်ဆုံး အဆင်ပြေ လျင်မြန်စွာ ဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံခြားမှ မိမိတို့နိုင်ငံသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဆရာဝန်များအား အထူးသဖြင့် မြန်မာနိုင်ငံဖွား ဆရာဝန်များ အဆင်ပြေစေရန် မည်သို့ဆောင်ရွက်သင့် သည်ကို ဆွေးနွေးကြစေ လိုပါကြောင်း၊

- ပုဂ္ဂလိက ဆေးရုံများမှ ဆရာဝန်များ၏ training ကိစ္စရပ်များ၊ ဘွဲ့လွန်သင်တန်းများ တက်ရောက်နိုင်ရေး ကိစ္စရပ်များအား ဝိုင်းဝန်းစဉ်းစား အကြံပြုကြစေလိုပါကြောင်း၊
- အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များဖြင့် လက်တွေ့အခြေအနေများနှင့် ကိုက်ညီကာ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းမူဘောင်၊ လမ်းပြမြေပုံနှင့် လုပ်ငန်းစဉ်များရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊
- ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ စာအုပ်တွင်ပါဝင်သော အခန်း (၁၁)တွင် ပါဝင်သော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း အချက်(၇)ချက်နှင့် အခန်း (၁၂)တွင်ပါဝင်သော တာဝန်ခံပုဂ္ဂိုလ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူတို့၏ တာဝန်ဝတ္တရားများ အချက် (၁၅)ချက်တို့ကို သေချာဖတ်ရှုလိုက်နာပြီး ဆောင်ရွက်စေလိုပါကြောင်း၊
- မိမိတို့နိုင်ငံတွင် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပါက နိုင်ငံခြားသို့ သွားရောက်ဆေးကုသမှုနှင့် နိုင်ငံခြားငွေ သုံးစွဲရမှုလည်း လျော့နည်းလာမည်ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအတွင်း အရည်အသွေးပြည့်ဝ၍ ကျင့်ဝတ်များနှင့် ညီညွတ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးတို့ကို အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။